# Karenni Nationalities Defence Force

# ကရင်နီအမျိုးသားများကာကွယ်ရေးတပ်

## တိုက်ပွဲသတင်းထုတ်ပြန်ချက်

နေ့စွဲ။ ။၂၀၂၁ ခုနှစ်၊ နိုဝင်လဘာလ (၂) ရက်နေ့။

ဖယ်ခုံမြို့နယ် ခေါင်းအိကျေးရွာအနီး ယနေ့ နိုဝင်ဘာလ (၂) ရက်နေ့ ညနေပိုင်း (၁၄း၁၀) နာရီတွင် အင်အားအလုံးအရင်းဖြင့် ထိုးစစ်ဆင်လာသော အကြမ်းဖက်စစ်ကောင်စီတပ်များကို ကရင်နီတပ်မတော်(KA)၊ KNDF ၊ PDF (ဖယ်ခုံ)နှင့် PDF (မိုးဗြဲ) တို့မှ ခုခံတိုက်ခိုက်ခဲ့ပါသည်။ အကြမ်းဖက်စစ်ကောင်စီတပ်များသည် လွယ်ဝှဲကျေးရွာဘက်မှ လူအင်အား (၂၀၀)ဖြင့် စစ်ကြောင်းချီလာခြင်းဖြစ်ပါသည်။

ထိုတိုက်ပွဲအတွင်းအကြမ်းဖက်စစ်ကောင်စစ်တပ်ဘက်မှ (၅) ဦးသေဆုံးခဲ့ပါသည်။ မိမိတို့ဘက်မှ KNDF ရဲဘော်နှစ်ဦးနှင့် PDF မှ ရဲဘော်နှစ်ဦးထိခိုက်ဒဏ်ရာရခဲ့ပါသည်။ အကြမ်းဖက်စစ်ကောင်စီတပ်များသည် ဖယ်ခုံနှင့် ပင်လောင်းမြို့နယ် ထိစပ်သော လွယ်ဝှဲနှင့် ပင်ပုံကျေးရွာတို့မှ စစ်ကြောင်းနှစ်ကြောင်းဖြင့် စစ်ကြောင်းထိုးခြင်းဖြစ်သည်။

ထို့အပြင်အကြမ်းဖက်စစ်ကောင်စီတပ်များ စစ်ကြောင်း ထိုးလာသဖြင့် လွယ်ဟွဲကျေးရွာမှ ကျေးရွာနေပြည်သူများ ထွက်ပြေးသိမ်းရှောင်နေရပါသည်။ အကြမ်းဖက်စစ်ကောင်စီတပ်များသည် လွယ်ဝှဲကျေးရွာတွင် တပ်စွဲလျက်ရှိပါသည်။

KNDF သတင်းနှင့်ပြန်ကြားရေးဌာန

ဆက်သွယ်ရန်။ ၀၉၇၅၅၈၈၄၀၄၁